# လယ်ယာမြေအဓမ္မသိမ်းယူမှုများနှင့် အောင်ပွဲအပိုင်းအစများ

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်၊ စစ္စရံကျေးရွာ



လယ်သမားအခွင့်အရေးကာကွယ်စောင့်ရှောက်သူများကွန်ယက်

# လယ်ယာမြေအမြေသိမ်းယူမှုများနှင့် အောင်ပွဲအပိုင်းအစများ

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်၊ စစ္စရံကျေးရွာ

လယ်သမားအခွင့်အရေးကာကွယ်စောင့်ရှောက်သူများကွန်ယက်

# မာတိကာ


အမှာစာ ................................ ၅

လယ်ယာမြေအခမဲ့သိမ်းယူမှုများနှင့်
အောင်ပွဲအပိုင်းအစများ ........................ ၇

သိမ်းပိုက်ခံ လယ်မြေများနှင့်
စက်ရုံပြင်ဆင်တည်ဆောက်မှုများ (ဓာတ်ပုံ) .............. ၉

အာဏာပိုင်များအား တရားစွဲဆိုခဲ့သည့်
လယ်သမားများ (ဓာတ်ပုံ)........................ ၁၈

လယ်သမားအခွင့်အရေးဆိုင်ရာ
ဟောပြောမှုအား နားထောင်ကြစဉ် (ဓာတ်ပုံ).............. ၂၆

ရွာသူရွာသားများ တရားခွင်သို့ စုစည်းညီညွတ်စွာ
လိုက်ပါအားပေး နားထောင်ကြ (ဓာတ်ပုံ)................ ၂၇

လယ်သမားများ ပြန်လည်လွတ်မြောက်လာမှုကို
ဒေသခံပြည်သူများ ကြိုဆိုခဲ့ (ဓာတ်ပုံ).................. ၃၅

# အမှာစာ

ကျွန်ုပ်တို့တိုင်းပြည်တွင် လယ်သမားအလွှာသည် တိုင်းပြည်လူဦးရေ၏ အများစုကြီး ဖြစ်သကဲ့သို့ တောင်သူဦးကြီးများသည် တိုင်းပြည်၏ ကျေးဇူးရှင်များဖြစ်သည်ဟုပင် အစဉ်အဆက် မှတ်ယူခဲ့ကြပါသည်။

တောင်သူဦးကြီးများသည် ပင်ပမ်းဆင်းရဲခြင်းများနှင့်အတူ မတရားမှုများကိုလည်း ရင်ဆိုင်နေခဲ့ကြရသည်မှာ ဆယ်စုနှစ်များစွာ တိုင်ခဲ့ပေပြီ။ မျက်မှောက်ကာလတိုင် ဘိုးဘွား အစဉ်အဆက် လယ်ယာမြေများကို အမှီသဟဲပြု စိုက်ပျိုးစားသောက်နေရခြင်းများပင် အာဏာအလွန်အကျွံ သုံးစွဲမှုများအောက်တွင် မတရားမှုများ ခံစားနေကြရဆဲဖြစ်သည်။

ယခုတင်ပြလိုက်သော စာအုပ်ပါအကြောင်းအရာများမှာ လယ်သမားတို့သည် ရိုးသားစွာ လုပ်ကိုင်စားသောက်နေသူများဖြစ်ပြီး မတရားမှုများကို မိမိတို့၏ စုစည်းမှုအားဖြင့် တွန်းလှန်၍ တရားမျှတမှုကို ရှာဖွေတိုက်ပွဲဝင်ခဲ့ကြသည့် ဖြစ်ရပ်တခုအား စံနမူနာပြုနိုင်ရေးကို ရည်ရွယ်၍ ထုတ်ဝေဖြန့်ချိလိုက်ခြင်း ဖြစ်ပါသည်။

မည်သို့ပင် အာဏာအင်အား၊ ငွေအင်အားများဖြင့် အနိုင်ကျင့်လာစေကာမူ မိမိတို့၏ ရပိုင်ခွင့်များကို တရားသဖြင့် တောင်းယူခြင်းထက် စုစည်းညီညွတ်မှုအားဖြင့် ရင်ဆိုင်အနိုင်ယူနိုင်ခဲ့မှုကို အထင်အရှား မီးမောင်းထိုးပြလိုက်ခြင်းလည်း ဖြစ်ပါသည်။

မိမိတို့ တိုင်းပြည်ဒေသအသီးသီးရှိ တောင်သူလယ်သမားများသည် ဘိုးဘွား အစဉ်အဆက် လယ်ယာမြေများကို လုပ်ကိုင်စားသောက် အသက်မွေးဝမ်းကြောင်းမှုပြုနေရမှုများအား မည်သည့်အချိန်တွင် မည်သည့်နည်းမျိုးများဖြင့် မိမိတို့လယ်ယာမြေများကို သိမ်းဆည်းခံကြရဦးမည်နည်း ဟူသည့် ခြိမ်းခြောက်ခံနေရမှုများနှင့် နေထိုင်လုပ်ကိုင်စားသောက်နေကြရပေသည်။

လွတ်လပ်စွာ စိုက်ပျိုးခွင့်၊ ရောင်းချခွင့် စသည့် အခြေခံအခွင့်အရေးများ ဆုံးရှုံးနေရသကဲ့သို့ လယ်သမားတို့၏ ကံကြမ္မာကို လယ်သမားတို့ဖန်တီးခွင့် ရချိန်လည်း တန်နေပေပြီ။ တောင်သူလယ်သမားတို့သည် ရိုးသားစွာဖြင့် အေးချမ်းစွာ အသက်မွေးဝမ်းကြောင်းပြုရာတွင် မလျော်ကန်သည့် ဥပဒေများဖြင့် ဆက်လက်ရင်ဆိုင်လာရဖွယ်များလည်း ရှိနေသည်ကို တွေ့ရှိနေရပါသည်။

မတရား လယ်သိမ်းယာသိမ်းကိစ္စများ၊ မလျော်ကန်သည့် ဥပဒေများကို လယ်သမားထု၏ စုစည်းညီညွတ်မှုအားဖြင့် မိမိတို့၏ ဘဝအေးချမ်းမှုများကို ဆက်လက်ရင်ဆိုင် ရှာဖွေသွားနိုင်ကြဖို့ တိုက်တွန်းလိုက်ပါသည်။

စေတနာမွန်ဖြင့် -

**လယ်သမားအခွင့်အရေးကာကွယ်စောင့်ရှောက်သူများကွန်ယက်**

# လယ်ယာမြေအခမဲ့သိမ်းယူမှုများနှင့် အောင်ပွဲအပိုင်းအစများ

၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလမှစ၍ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် တရုတ်ကုမ္ပဏီတို့၏ ဖက်စပ်အကျိုးစီးပွားအတွက် တည်ဆောက်မည့် ၈ မိုင်ပတ်လည်ခန့် နယ်နိမိတ်သတ်မှတ်ထားသော ကော့စတစ်စက်ရုံစီမံကိန်းများအတွက် မွန်းရေး (Moon Ray) ကုမ္ပဏီက "လူကြီးလမ်းကြောင်းရှိ၍ မြေတစ်ကော် စာလောက်ထိုးမည်" ဟုဆိုကာ စစ္စရုံကျေးရွာရှိ လယ်ယာမြေများပေါ်ဖြတ်၍ ဘူဒိုဇာစက်ကြီးများဖြင့် ထိုးကာ လမ်းဖောက်လုပ်ခဲ့သဖြင့် ထိုဒေသရှိ လယ်သမားများဖြစ်သော ဦးခင်မောင်သန်း၊ ဦးအေးချို ဦးငွေ၊ ဦးမင်းမင်း၊ ဦးဝင်းမြင့်၊ ဦးဝင်းသော်တာ၊ ဦးဇော်တို့၏သီးနှံနှင့် လယ်ယာမြေများ ဆုံးရှုံးခဲ့ရပါသည်။

ဦးအေးချို၏ လယ်မြေကွင်းအမှတ် (၂၈၂-ဘီ) ပေါ်တွင် မြေဖို့ခြင်း၊ ကျောက်ပုံခြင်း၊ စက်ပစ္စည်းများထားခြင်း၊ စက်ရေတွင်းတူးခြင်း၊ အဆောက်အဦးဆောက်လုပ်ခြင်း စသည်တို့ပြုလုပ်၍ အခမဲ့ကျူးကျော်မှုကြောင့် ဦးအေးချိုမှာ ထို ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလမှစ၍ လယ်မလုပ်ရဘဲ နေခဲ့ရပါသည်။ (၅. ၅. ၂၀၁၀) ရက်နေ့တွင် ဝဲကြီးအုပ်စု၊ ထောက်မကျေးရွာရှိ ဦးဝင်းကြည်၏ ယာမြေကွင်းအမှတ် (၂၈၀/၂၈၁-အေ)၊ ဦးပိုင်အမှတ် (၂၉×၅၇/က×N) ပေါ်တွင် ဦးဝင်းကြည်အား အသိပေးခြင်း၊ ခွင့်ပြုချက်တောင်းခံခြင်း မရှိဘဲ အခမဲ့ကျူးကျော်၍ စီမံကိန်းအခြေစိုက်ရုံးကို ဆောက်လုပ်ခဲ့ပါသည်။ ကပ်လျှက်ရှိသော ဒေါ်တင်ရီ၏ ပဲနှမ်းစိုက်ပျိုးထားသော ယာမြေကို ဘူဒိုဇာနှင့်ထိုး၍ မြေညှိသဖြင့် ဒေါ်တင်ရီက ဝဲကြီးရယကဉက္ကဋ္ဌ ဦးဝင်းဦးအား သွားရောက်တိုင်ကြားရာ "နိုင်ငံတော်စီမံချက်ဖြစ်လို့ မပြောရဲဘူး" ဟု ဖြေကြားခဲ့သဖြင့် ဒေါ်တင်ရီမှာ ငိုယို၍ ပြန်လာခဲ့ရပါသည်။

အဆိုပါ မွန်းရေးကုမ္ပဏီမှာ မန်နေဂျာဦးရွှေထွန်း၏ ဦးဆောင်မှုဖြင့် ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလမှစ၍ ထိုစီမံကိန်းလမ်းကို စတင်ဖောက်လုပ်ခဲ့ရာ ကုမ္ပဏီရုတ်သိမ်းသွားချိန် ၂၀၁၀ ခုနှစ်၊ အောက်တိုဘာလအထိ ဖြစ်ပါသည်။

ထို့နောက် ၂၀၁၀ ခုနှစ်၊ စက်တင်ဘာလမှစ၍ ထူးကုမ္ပဏီက ဆောက်လုပ်ရေးတာဝန်ယူလျှက် ထိုစီမံကိန်းကို ဆက်လက်လုပ်ဆောင်နေရာ လယ်ယာမြေစိုက်ခင်းများပေါ်တိုင်းတာခြင်း၊ အလံများစိုက်ခြင်း၊ လမ်းဖောက်လုပ်ခြင်း၊ အဆောက်အဦးများ ဆောက်လုပ်ခြင်းတို့ကြောင့် သီးနှံနှင့် လယ်ယာမြေများ ပျက်စီးဆုံးရှုံးခဲ့ရသည့်အပြင် လယ်ယာမြေများအသိမ်းခံရ၍ ဘိုးစဉ်ဘောင်ဆက်နေထိုင်ရာ ကျေးရွာများမှ ရွှေ့ပြောင်းခံရမည့်အရေး၊ မိရိုးဖလာအသက်မွေးလုပ်ငန်း ထိခိုက်ပျက်စီးမည့်အရေးတို့အတွက် ဒေသခံလယ်သမားများ စိုးရိမ်သောကရောက်ကြရပါသည်။

၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် အသိပေးခြင်း၊ ခွင့်ပြုချက်တောင်းခံခြင်း မရှိဘဲ ဒေသခံလယ်သမားတစ်ဦးဖြစ်သူ ဦးသန်းဦး၏ လယ်မြေ (၂၈၁-ဘီ) ပေါ်တွင် ဘူဒိုဇာနှင့်ထိုး၍ ကားလမ်း ဖောက်လုပ်ခြင်းကြောင့် လယ်ကန်သင်းများ ပျက်စီးခဲ့ရာ ငွေတန်ဘိုးအားဖြင့် ကျပ် ၃ သိန်းခန့် နစ်နာဆုံးရှုံးခဲ့ရပါသည်။ အလားတူ ထိုနေ့ရက်တွင် ဦးငွေး၏ မတ်ပဲခင်း ဧကဝက်ကို ဘူဒိုဇာဖြင့်ထိုး၍ လမ်းဖောက်လုပ်ခဲ့ရာ သီးနှံပျက်စီးဆုံးရှုံးမှု ငွေတန်ဘိုးအားဖြင့် ကျပ် ၁၂၀၀၀၀ နစ်နာဆုံးရှုံးခဲ့ရပြီး လယ်မြေ ၃ ဧက မြေဖုံးပျက်စီးသဖြင့် ငွေတန်ဘိုးအားဖြင့် ကျပ် ၃၆ သိန်း နစ်နာဆုံးရှုံးခဲ့ရပါသည်။

(၁၀. ၁. ၂၀၁၁) ရက်နေ့တွင်လည်း ဦးငွေး၏ လယ်ယာမြေကိုဖြတ်၍ ထပ်မံလမ်းဖောက်လုပ်ခြင်း၊ ဘူဒိုဇာနှင့်ထိုး၍ မြေညှိခြင်း၊ အဆောက်အဦး ဆောက်လုပ်ခြင်းတို့ကြောင့် မတ်ပဲခင်းနှင့် နွားစားကျက်များ ပျက်စီးခဲ့ရပါသည်။ ထို့အတူ (၁၅. ၁. ၂၀၁၁) ရက်နေ့တွင် ဦးအေးချို၊ ဦးခင်မောင်သန်း၊ ဒေါ်တုတ်တုတ်တို့၏ ကွင်းအမှတ် (၂၈၂-ဘီ) ပေါ်ရှိ လယ်မြေများကို ဘူဒိုဇာဖြင့်ထိုးရာ ဒေါ်တုတ်တုတ်၏ လယ်ကန်သင်းများ ပျက်စီးခဲ့၍ ငွေတန်ဘိုးအားဖြင့် ကျပ် ၃ သိန်းခန့် နစ်နာဆုံးရှုံးခဲ့ရပြီး ဦးအေးချိုနှင့် အစ်ကိုဖြစ်သူ ဦးခင်မောင်သန်းတို့၏ မတ်ပဲခင်းများပျက်စီး၍ သီးနှံပျက်စီးမှုတန်ဘိုး ကျပ် ၂၄၀၀၀၀ ခန့်နှင့် လယ်ယာခင်းပျက်စီးမှုတန်ဘိုး ကျပ် ၃ သိန်းခန့် နစ်နာဆုံးရှုံးခဲ့ရပါသည်။



**လယ်ယာမြေစိုက်ခင်းများပေါ်တွင် ထူးကုမ္ပဏီက ဤသို့ လမ်းဖောက်၍ အလံများ စိုက်ထူထား**



**စိုက်ခင်းများအတွင်း အဆောက်အဦးများ ကျူးကျော်ဆောက်လုပ်၍ စက်ပစ္စည်းများလည်း ထားရှိ**




**စီမံကိန်းဆောက်လုပ်ရေး အဆောက်အဦးများက ဤသို့နေရာယူ**



**ပဲခင်းများနှင့် နွားစားကျက်များလည်း စီမံကိန်းဧရိယာထဲ ပါဝင်နေ**




**စက်ရုံဆောက်လုပ်ရန် လေ့လာဆန်းစစ်မှုများ ပြုလုပ်ခဲ့သည့်**
**AK-Associates ကုမ္ပဏီတံဆိပ်ပါ မြေနေရာအမှတ်အသားတစ်ခု**



**ပဲခင်းများအတွင်း ဖြတ်သန်းဖောက်လုပ်ထားတဲ့ စီမံကိန်းလမ်း**




**ကော့စတစ်စက်ရုံနှင့် ဆက်စပ်စက်ရုံများ တည်ဆောက်ရန်**
**လျာထားစိုက်ထူထားသည့် စာတမ်းမှတ်တိုင်များ**

ထိုစီမံကိန်းအတွက် နယ်နိမိတ်သတ်မှတ်ထားရာ ၈ မိုင်ပတ်လည်ခန့်ရှိသည်ဟု သိရပြီး စစ္စရုံ၊ မတ်ဇစ်၊ ထောက်မ၊ ဝဲကြီး၊ ပေပင်၊ ပယ်ကျ၊ ပြောင်ကျ၊ သက္ကယ်မြောင်၊ ထောက်ကြံ့ကွင်း၊ လိန်တုန်း၊ အုန်းနဲ့၊ ညောင်ကိုင်း၊ ဘန့်ပွေးကျင်း၊ လယ်တီကျင်း၊ ကွဲ့တလင်း၊ သမဇီ(သစ်မယ်ဇီ)၊ ပန်းတင် စသည့် ကျေးရွာများရှိ လယ်ယာမြေဧက ၄၀၀၀ မှ ၈၀၀၀ ခန့် သိမ်းယူခံရမည့်အရေးကြောင့် ဒေသခံလယ်သမားများ၏ အသက်မွေးလုပ်ငန်း ပျက်စီး ဆုံးရှုံးရမည့်အပြင် ကော့စတစ်စက်ရုံနှင့် ဆက်စပ်စက်ရုံများကြောင့် ထိုဒေသ၏ သဘာဝ ပတ်ဝန်းကျင်နှင့် ဒေသခံလူထု၏ ကျန်းမာရေးထိခိုက်ပျက်စီးစေမည့်အရေး ကြုံတွေ့နေရ ပါသည်။

ထိုအရေးနှင့်ပတ်သက်၍ စစ္စရုံဒေသခံ လယ်သမား ၆၁ ဦးက လက်မှတ်ရေးထိုး၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်တကွ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်အပြင် (၁၃. ၁. ၂၀၁၁) ရက်စွဲဖြင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ - အိုင်အယ်အို (ရန်ကုန်) နှင့် အာရှလူ့အခွင့်အရေး ကော်မရှင် (ဟောင်ကောင်) သို့ လိပ်မူ၍ ဒေသခံ လယ်သမားများ၏ အဓိက အသက်မွေးဝမ်းကျောင်းပြုရာ လယ်ယာမြေများ အသိမ်းခံရ မည့်အရေး၊ ကော့စတစ်စက်ရုံနှင့် ဆက်စပ်စက်ရုံများကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံလူထု၏ကျန်းမာရေး ထိခိုက်ပျက်စီးစေမည့်အရေးတို့မှ ကူညီဖြေရှင်းပေးပါရန် မေတ္တာရပ်ခံစာများ ပေးပို့တင်ပြခဲ့ပါသည်။

သို့ရာတွင် ထူးကုမ္ပဏီနှင့် ဦးပိုင်လီမိတက်တို့မှ ဒေသခံလယ်သမားများ၏ လယ် ယာမြေများပေါ် ကျူးကျော်၍ လမ်းဖောက်လုပ်ခြင်း၊ အဆောက်အဦးများ ဆောက်လုပ်ခြင်း တို့ကို ရပ်တန့်ခြင်းမရှိဘဲ ဒေသခံလယ်သမားများအား ၄င်းတို့၏ လယ်ယာမြေများပေါ် စက်ရုံများဆောက်လုပ်ရန် သဘောတူကြောင်း လက်မှတ်ရေးထိုးစေရန် လိမ်လည်လှည့်ဖြား ခြင်း၊ ခြိမ်းခြောက်ခြင်း စသည့် နည်းလမ်းများဖြင့် ကြံစည်လုပ်ဆောင်ခဲ့ပါသည်။ 'လယ်ယာ မြေမရှိသူများကို လျော်ကြေးရရန် လယ်ယာမြေရှိသူစာရင်းတွင် ထည့်ပေးမည်၊ လယ်ယာ မြေဧကအနည်းငယ်ရှိသူများကို စာရင်းထဲတွင် ဧကတိုး၍ ထည့်ပေးမည်' ဟု ပြောဆိုကာ ရယကဉက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များ၊ စီးပွားရေးသမားများ စသည်တို့က စက်ရုံဆောက်လုပ်ရန် သဘောတူကြောင်း လက်မှတ်များထိုးခိုင်းခဲ့ပါသည်။

၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ တတိယပတ်မှစ၍ စစ္စရုံကျေးရွာနှင့် အနီးပတ်ဝန်းကျင်

ကျေးရွာများမှ ရွာသူရွာသားများကို အစည်းအဝေး တက်ရောက်ရန် ဖိတ်ကြားစာများ ပေးပြီး ရရှိကြောင်း လက်မှတ်ရေးထိုးစေ၍ (ဖိတ်ကြားစာပေါ်၌ အစည်းအဝေးပြုလုပ်မည့် နေရာသည် စစ္စရံကျေးရွာ ရယကရုံးဟု ပါရှိသော်လည်း) စီမံကိန်းအခြေစိုက်ရုံးသို့ ဆင့်ခေါ်ပြီး စက်ရုံဆောက်လုပ်ရန် သဘောတူကြောင်း ဖိအားပေး၍ လက်မှတ်ရေးထိုးခိုင်း ခဲ့ပါသည်။

(၂၅. ၁. ၂၀၁၁) ရက်နေ့တွင် စစ္စရံကျေးရွာနေ ဦးအုန်းရွှေ၊ ဦးတင်လှ၊ ဦးလှညွန့် တို့ အပါအဝင် ရပ်မိရပ်ဖများကို ရယကဥက္ကဋ္ဌမှတစ်ဆင့် အဆိုပါ စီမံကိန်းအခြေစိုက်ရုံးသို့ ဆင့်ခေါ်ပြီး စက်ရုံဆောက်လုပ်ရန် သဘောတူကြောင်း ဖိအားပေး၍ လက်မှတ်ရေးထိုးခိုင်း ခြင်း၊ ထိုနေ့ညနေ (၃) နာရီတွင် ဦးသန်းဦး၊ မန္တဲ့ကြည်၊ ဒေါ်တုတ်တုတ်တို့အပါအဝင် စစ္စရံလယ်သမား ၆ ဦးကို အဆိုပါ စီမံကိန်းအခြေစိုက်ရုံးသို့ ဆင့်ခေါ်၍ လျော်ကြေးယူရင် ယူမယ့်အကြောင်း လက်မှတ်ထိုး၊ လျော်ကြေးမယူလည်း မယူမယ့်အကြောင်း လက်မှတ်ထိုး ဟုဆိုကာ ထိုစီမံကိန်းအခြေစိုက်ရုံး၏ တာဝန်ရှိသူများဖြစ်သော ဗိုလ်မှူး(ငြိမ်း) မောင်မောင် အေး၊ ဗိုလ်မှူး(ငြိမ်း) ဝင်းမြင့်တို့က စစ္စရံလယ်သမားများ၏ လက်မှတ်ကို ရယူရန် အတင်း အကြပ် ဖိအားပေးခဲ့ပါသည်။

ထိုသို့ စီမံကိန်းအခြေစိုက်ရုံးသို့ခေါ်၍ ဖိအားပေးမှုများကြောင့် စစ္စရံကျေးရွာ အပြင် ပေပင်၊ ပယ်ကျကျေးရွာများမှ ရွာသူရွာသားများက အဆိုပါစီမံကိန်းအခြေစိုက်ရုံးသို့ အစည်းအဝေးခေါ်လျှင် မတက်ရောက်နိုင်ကြောင်း စစ္စရံကျေးရွာရယကရုံးတွင်ခေါ်လျှင် တက်ရောက်မည်ဖြစ်ကြောင်း သက်ဆိုင်ရာ ကျေးရွာရယကဥက္ကဋ္ဌများထံ တင်ပြခဲ့ပါသည်။ ထိုအတောအတွင်း လိန်တုန်းအုပ်စုဥက္ကဋ္ဌ ဦးလှဝင်းစိန်၊ ပယ်ကျအုပ်စုဥက္ကဋ္ဌ ဦးစိန်ရွှေ၊ ပယ်ကျအတွင်းရေးမှူး ဦးသိန်းအောင်၊ မြေစာရင်းဌာနမှ ဦးအောင်နိုင်ဦးတို့က လယ်တီ ကျင်း၊ အုန်းနဲ့၊ ပြောင်ကျကျေးရွာများတွင်လည်းကောင်း၊ ပေပင်ရယကဥက္ကဋ္ဌ ဦးအောင်မြင့် ကြည်၊ အဖွဲ့ဝင် ဦးတင်စိုး၊ မြေတိုင်းစာရင်းဌာန ဒု-မန်နေဂျာ ဦးအေးလွင်တို့က ပေပင်အုပ်စု ကျေးရွာများတွင်လည်းကောင်း တောင်သူတစ်ဦးချင်းပိုင် လယ်မြေဧကများ မှန်ကန်ပါ ကြောင်း၊ စက်ရုံနှင့်ပတ်သက်သော လယ်မြေတစ်ဧကကို ၆ သိန်း ပေးပါမည်ဟုဆို၍ လယ်သမားများကို လက်မှတ်ထိုးခိုင်းခဲ့ရာ အမှန်တကယ်လယ်မြေပိုင်ဆိုင်၍ လုပ်ကိုင် အသက်မွေးသော လယ်သမားအများစုက မိရိုးဖလာ လယ်ယာလုပ်ငန်းကိုသာ အေးချမ်းစွာ လုပ်ကိုင်စားသောက်လို၍လည်းကောင်း၊ လျော်ကြေးငွေကို ဟိုနေ့ပေးမည်၊ ဒီနေ့ပေးမည်ဟု

အစောပိုင်းကတိပျက်မှုများကြောင့် လျော်ကြေးပေးမည်ကို မယုံကြည်၍လည်းကောင်း၊ ထိုလျော်ကြေးငွေအပေါ် အားကိုး၍ ရင်းနှီးလုပ်ကိုင်စားသောက်ရန် မဖြစ်နိုင်သောကြောင့်လည်းကောင်း၊ ကော့စတစ်စက်ရုံနှင့် ဆက်စပ်စက်ရုံများ၏ ဘေးထွက်ဆိုးကျိုးကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံလူထု၏ကျန်းမာရေး ထိခိုက်ပျက်စီးစေမည့် အရေးတို့ကြောင့်လည်းကောင်း လက်မှတ်ရေးထိုးရန် ငြင်းဆန်ခဲ့ပြီး၊ အိမ်ထောင်ဦးစီးများမရှိခိုက် မိသားစုဝင်များက နားမလည်၍လည်းကောင်း၊ ကြောက်ရွံ့၍လည်းကောင်း လက်မှတ်ထိုးခဲ့မိသည့် ဖြစ်ရပ်များတွင်လည်း (အုန်းနဲ့ရွာမှ ဦးစံကြည်အပါအဝင်) လက်မှတ်ပြန်ဖျက်ခိုင်းသည့် ဖြစ်ရပ်များရှိခဲ့ပါသည်။

(၂၆. ၁. ၂၀၁၁) ရက်နေ့တွင် စစ္စရံတောင်သူ ဒေါ်တုတ်တုတ်က ယာခင်းထဲ နှမ်းရိတ်သွား၍ ပြန်လာစဉ် ကွင်းအမှတ် (၂၈၂-ဘီ) ပေါ်ရှိ ၎င်း၏လယ်မြေကို ဘူဒိုဇာနှင့် ထိုး၍ မြေညှိနေသည်ကို တွေ့ရသဖြင့် တားမြစ်ရာ အလေးထားခြင်းမရှိဘဲ မထီမဲ့မြင်ပြု၍ ဆက်လက်လုပ်ဆောင်နေသည့်အတွက် ဒေါ်တုတ်တုတ်နှင့်အတူ စစ္စရံရွာသူရွာသားများက ဥပဒေကြောင်းအရ ဆောင်ရွက်နေသဖြင့် ရပ်တန့်ပေးရန် မေတ္တာရပ်ခံခဲ့ရပါသည်။ သို့ရာတွင် ဒေါ်တုတ်တုတ်၏ လယ်မြေ ၁. ၅ ဧကမှာ ပျက်စီးသွားခဲ့ပြီးဖြစ်ပါသည်။

(၂၇. ၁. ၂၀၁၁) ရက်နေ့တွင် စစ္စရံကျေးရွာရယကရုံးတွင် အစည်းအဝေးခေါ်သဖြင့် စစ္စရံ၊ ပေပင်၊ ပယ်ကျ၊ ထောက်မကျေးရွာများမှ တောင်သူလယ်သမားများ တက်ရောက်ကြပြီး စီမံကိန်းအခြေစိုက်ရုံးဘက်မှ ဗိုလ်မှူး(ငြိမ်း) မောင်မောင်အေး၊ ဗိုလ်မှူး(ငြိမ်း) ဝင်းမြင့်၊ ကံမမြို့နယ်မယကဥက္ကဋ္ဌ ဦးကျော်ဆွေဝင်း၊ စစ္စရံကျေးရွာရယကဥက္ကဋ္ဌ ဦးခင်မောင်ထွန်းနှင့် စာရေးမ မွန်မွန်တို့ တက်ရောက်ခဲ့ကြပါသည်။ ဗိုလ်မှူး(ငြိမ်း) မောင်မောင်အေးက ဤစီမံကိန်းမှာ ကော့စတစ်ဆိုဒါစက်ရုံနှင့် ပီဗွီစီစက်ရုံများ ဆောက်လုပ်ရန်ဖြစ်ပြီး တရုတ် ၆၀%၊ ဗမာ ၄၀% ဖက်စပ်လုပ်ကိုင်သည့် စီမံကိန်းဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဗိုလ်မှူး(ငြိမ်း) ဝင်းမြင့်က ယနေ့အစည်းအဝေးခေါ်ရသည့် အကြောင်းမှာ လက်မှတ်ထိုးရန်ဖြစ်ကြောင်း၊ လျော်ကြေးယူယူ/မယူယူ လက်မှတ်ထိုးရမည် ဖြစ်ကြောင်း၊ ထိုစီမံကိန်းမှာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သည့် နိုင်ငံတော် စီမံကိန်းဖြစ်ကြောင်း၊ မိဘက ကောင်းစေချင်လို့စီမံတာ မလိုက်နာလျှင် အပြစ်ပေးဆုံးမရမှာ ပဲဟု ခြိမ်းခြောက်ပြောဆိုခဲ့ပါသည်။ ရွာသူရွာသားများဘက်မှလည်း မိရိုးဖလာ လယ်ယာ လုပ်ငန်းကိုသာ အေးချမ်းစွာ လုပ်ကိုင်စားသောက်လိုကြောင်း၊ လျော်ကြေးလည်း မယူလို

ကြောင်း၊ စက်ရုံစီမံကိန်း အကောင်အထည်ပေါ်လျှင် မိမိတို့သားသမီးများမှာ စက်ရုံမှ စွန့်ပစ်သည့် ပလတ်စတစ်ဗူးခွံများ ကောက်၍ စားသောက်နေရမည်ကို မလိုလားကြောင်း၊ အစည်းအဝေးခေါ်လျှင် လယ်ယာလုပ်ငန်းဖျက်၍ လာရသည့်အတွက် လက်မှတ်ထိုးရန် ကိစ္စအတွက်ဆိုလျှင် နောက်တစ်ကြိမ် အစည်းအဝေးမတက်ရောက်နိုင်တော့ကြောင်း ပြန်လည်တင်ပြခဲ့ပါသည်။

(၄. ၂. ၂၀၁၁) ရက်နေ့တွင် လယ်ယာမြေများပေါ် ကျူးကျော်ခံရ၍ နစ်နာဆုံးရှုံးခဲ့ရသော စစ္စရုံဒေသခံလယ်သမားများထဲမှ ဦးသန်းဦး၊ ဦးငွေ၊ ဦးအေးချိုနှင့် ဒေါ်တုတ်တုတ်တို့ ၄ ဦးက ၎င်းတို့၏ လယ်ယာမြေများပေါ် အဓမ္မကျူးကျော်ခဲ့သည့် ထူးကုမ္ပဏီနှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် စီမံကိန်းအခြေစိုက်ရုံးမှ တာဝန်ရှိသူများဖြစ်သော ဗိုလ်မှူး (ငြိမ်း) မောင်မောင်အေး၊ ဗိုလ်မှူး(ငြိမ်း) ဝင်းမြင့်နှင့် မန်နေဂျာ ဂျိုကာတို့အား ပိုင်နက်ကျူးကျော်မှု၊ အကျိုးပျက်စီးစေမှု၊ ခြိမ်းခြောက်မှုတို့ဖြင့် တရားစွဲဆိုရန် ကံမမြို့နယ်တရားရုံးသို့ ဦးတိုက်လျှောက်ထားရာ တရားသူကြီး ဒေါ်မိမိခိုင်က ဤအမှုကို ပုဒ်မ (၂၀၂) အရ စုံစမ်းစစ်ဆေးရန် ကံမမြို့နယ်ရဲစခန်းအား လွှဲအပ်လိုက်ကြောင်း၊ (၁၈. ၂. ၂၀၁၁) ရက်နေ့ ရုံးချိန်းလိုက်ကြောင်း စီရင်ချက်ချခဲ့ပါသည်။ ရုံးချိန်းရက် (၁၈. ၂. ၂၀၁၁) ရက်နေ့တွင် တရားသူကြီးက ရဲအစီရင်ခံစာအရ လယ်သမားများ၏ လယ်ယာမြေများပေါ် ကျူးကျော်၍ လမ်းဖောက်လုပ်ခြင်း၊ အဆောက်အဦးဆောက်လုပ်ခြင်း၊ သီးနှံစိုက်ခင်းများ ပျက်စီးခြင်းတို့ မရှိသဖြင့် အမှုကို ပလပ်လိုက်ကြောင်း စီရင်ချက်ချခဲ့ပါသည်။ ထိုအတောအတွင်း စီမံကိန်းအခြေစိုက်ရုံးမှ ဦးအေးချို၏လယ်မြေ ကွင်းအမှတ် (၂၈၂-ဘီ) ပေါ်တွင် ဆောက်လုပ်ထားသော ယန္တရားရုံးနှင့် ဦးငွေ၏ နွားစားကျက်မြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦးတို့အား (၂၄/၂၅/၂၆. ၂. ၂၀၁၁) ရက်နေ့များတွင် နေ့ရောညပါ အလျင်အမြန် ဖျက်၍ ၎င်းတို့၏လယ်ယာမြေများပေါ် အဓမ္မကျူးကျော်မှုကို ဖုံးကွယ်ရန် ဆောင်ရွက်ခဲ့ပါသည်။

ထို့အပြင် ထူးကုမ္ပဏီနှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်တို့၏ စီမံကိန်းအခြေစိုက်ရုံးမှ တာဝန်ရှိသူများက ၎င်းတို့အား တရားစွဲဆိုသည့် လယ်သမား ၄ ဦးထဲမှ ဦးဆောင်သူဟုယူဆသော ဦးသန်းဦးနှင့် လယ်ယာမြေအသိမ်းခံရမည့်အရေးအတွက် တက်ကြွစွာ ဆောင်ရွက်ခဲ့ကြသူများကို လုပ်ကြံရန် ကြိုတင်အကွက်ချ စီစဉ်ခဲ့ပါသည်။ ဖြစ်စဉ်မှာ (၂၁. ၃. ၂၀၁၁) ရက်နေ့တွင် ညနေပိုင်းကတည်းက စီမံကိန်းအခြေစိုက်ရုံး တာဝန်ခံ ဂျိုကာ၏တပည့်

မင်းမင်းနှင့် ကျော်ရဲအောင် (နေပြည်တော် သံချည်သံကွေးအဖွဲ့) တို့က ဦးသန်းဦးတို့အား လုပ်ကြံရန် ရိုက်တုတ်အဖြစ် ခြောက်မူးလုံးခန့်ရှိသော သံချောင်း ၂၅ ချောင်း ကြိုတင်ဖြတ်ထားခဲ့ပါသည်။ ထိုနေ့တွင် စစ္စရံရွာသား ဦးသန်းဦးနှင့် ကိုထွန်းမင်းလွင်တို့သည် ကံမမြို့မှ အပြန် လမ်းခရီးရှိ ပယ်ကျရွာမှ ကိုအောင်လင်း၏အိမ်သို့ ဝင်ရောက်နားခိုပါသည်။ ကိုအောင်လင်းမှာ နွားတစ်ကောင်ရောင်းချင်နေ၍ စစ္စရံရွာနေ ဦးမြင့်အုန်းနှင့် နွားအရောင်းအဝယ်ကိစ္စ ပြောဆိုရန် တစ်ရွာတည်းနေ ကိုခင်မောင်ဆန်း၊ ကိုကျော်ညွှန့်တို့ကို အဖော်ခေါ်၍ ဦးသန်းဦး၊ ကိုထွန်းမင်းလွင်တို့နှင့်အတူ စစ္စရံရွာသို့ လိုက်ပါလာခဲ့ပါသည်။

စစ္စရံရွာရှိ ကိုမြင့်အုန်းတဲသို့ရောက်၍ 'ကိုမြင့်အုန်းရှိသလား' ဟု မေးသောအခါ 'ဦးမြင့်အုန်းမရှိဘူး၊ မတ်ဇစ်ရွာက ဦးသောင်းမြင့်ဆိုင်ဘက် ဆင်းသွားတယ်' ဟု အိမ်သားတစ်ဦးက ပြောသဖြင့် ၎င်းတို့ ၅ ဦး မတ်ဇစ်ရွာသို့ လိုက်သွားခဲ့ပါသည်။

ဦးသောင်းမြင့်၏ဆိုင်၌ ဦးသန်းဦး၊ ကိုအောင်လင်း၊ ကိုထွန်းမင်းလွင်၊ ကိုကျော်ညွှန့်၊ ကိုခင်မောင်ဆန်းတို့ ၅ ဦးသည် ဦးမြင့်အုန်း၊ ဦးအုန်းလွင် (ခ) ဘလီတို့နှင့် နွားအရောင်းအဝယ်ကိစ္စ ပြောဆိုနေစဉ် ကပ်လျှက်ရှိသော မန်ကျည်းရိပ်စားသောက်ဆိုင်သို့ စက်ရုံစီမံကိန်းအခြေစိုက်ရုံးမှ ဗိုလ်မှူး(ငြိမ်း) ထွဋ်ခိုင်၊ ဗိုလ်မှူး(ငြိမ်း) မိုးစက်နှင့် ငွေးလွင် (ကံမ) တို့ ရောက်ရှိလာပြီး အရာထမ်း စောမိုးဇက်မှာ ထိုဆိုင်၌ ဆိုင်ရှင်၏တူဖြစ်သူ ရဲမင်းဦးနှင့် စကားပြောဆိုကျန်ရစ်ခဲ့ပြီး ထွဋ်ခိုင်နှင့် ငွေးလွင်တို့မှာ ဦးသန်းဦးတို့ရှိနေသော ဆိုင်သို့ လာရောက်၍ အရိပ်အခြေ စောင့်ကြည့်နေခဲ့ပါသည်။ ထွဋ်ခိုင်မှာ ထိုဆိုင်ထဲသို့ဝင်ထိုင်ကာ ဘီယာမှာသောက်ပြီး၊ ငွေးလွင်(ကံမ)မှာ ရဲတင်းတစ်လက်ဆောင်လျှက် အပြင်ဘက်မှ စောင့်နေပါသည်။ ည (၈း၃၀) နာရီတွင် ဦးသန်းဦးတို့ပြန်မည်ပြုရာ ၎င်းတို့အရိပ်အကဲ စောင့်ကြည့်နေသော ထွဋ်ခိုင်က မန်ကျည်းရိပ်ဆိုင်ဘက်ပြန်လာ၍ ထိုဆိုင်၌ ကျန်ရစ်ခဲ့သူ စောမိုးဇက်အား 'ဟိုကောင်တွေပြန်တော့မယ်' ဟု ပြောဆိုပြီး ဦးသန်းဦးတို့ရှေ့မှ ကြိုတင်၍ ဆိုင်ကယ်ဖြင့် ထွက်ခွါသွားခဲ့ပါသည်။ စောမိုးဇက်မှာလည်း ခြေလျင်ထွက်ခွါသွားခဲ့ပါသည်။

ဦးသန်းဦးတို့ ၅ ဦး ပြန်လာသောအခါ ကိုအောင်လင်းနှင့် ဦးသန်းဦးက ဆိုင်ကယ်တစ်စီး၊ ကိုထွန်းမင်းလွင်နှင့် ကိုခင်မောင်ဆန်းက ဆိုင်ကယ်တစ်စီး၊ ကိုကျော်ညွှန့်က ဆိုင်ကယ်တစ်စီးဖြင့် ဆိုင်မှ ထွက်ခွါလာရာ ကိုအောင်လင်းနှင့် ဦးသန်းဦးတို့က ဦးမြင့်အုန်းအား ရွာသို့ပြန်လိုက်ဦးမလားဟု ပြန်ခေါ်သဖြင့် နောက်ကျန်နေခဲ့ပါသည်။ ဦးမြင့်အုန်းက

# နစ်နာဆုံးရှုံးမှုများအတွက် အာဏာပိုင်များအား တရားစွဲဆိုခဲ့သည့် လယ်သမားများ



ဦးငွေး



ဦးသန်းဦး



ဒေါ်တုတ်တုတ်



ဦးအေးချို



**လယ်သမားများအား လုပ်ကြံရိုက်နှက်ခဲ့သည့် နေရာ**



**လုပ်ကြံခံရသော လယ်သမားများအား ကံမ တရားရုံးအချုပ်ခန်းထဲတွင် ချုပ်နှောင်ထားစဉ်**

ပြန်မလိုက်ဟုဆိုသဖြင့် ကိုအောင်လင်းနှင့် ဦးသန်းဦးတို့ ၂ ဦးမှာ မတ်ဇစ်ရွာမှ စစ္စရုံရွာသို့ ဘိုးစဉ်ဘောင်ဆက်သွားလာနေသော အများပြည်သူသုံးလမ်းအတိုင်း ပြန်လာရာ ထိုလမ်းဘေးရှိ ထောက်မရွာနေ ဦးဝင်းကြည်၏ ယာမြေကွင်းအမှတ် (၂၈၀/၂၈၁-အေ)၊ ဦးပိုင်အမှတ် (၂၉×၅၇/က×N) ပေါ်တွင် ကျူးကျော်ဆောက်လုပ်ထားသော စက်ရုံစီမံကိန်းရုံးရှေ့အရောက် လမ်းမကုန်းအတက်တွင် လေးပတ်လည် ၂ တုံး ထိုးခံ၍ ဗိုလ်မှူး(ငြိမ်း) ဝင်းမြင့်အပါအဝင် ကျန်ဗိုလ်မှူး(ငြိမ်း)များ၊ အခြေစိုက်ရုံးမန်နေဂျာ ဂျိုကာနှင့် ဒုမန်နေဂျာ မြအောင်တို့က 'သူခိုးသူခိုး၊ သန်းဦးကိုနာနာရိုက်၊ ကြိုးနဲ့တုပ်' ဟု အော်ဟစ်အမိန့်ပေးရာ လုံခြုံရေး ဌေးဝင်း၊ ကားဒရိုင်ဘာ ဇာနည်အောင်၊ ဂျိုကာ၏ယောက်ဖ ကယား (ခ) အောင်ကျော်သူ၊ ဂျိုကာ၏တပည့် မင်းမင်း၊ ပြည့်ဖြိုး၊ ဒုမန်နေဂျာ မြအောင်၊ ဆီကိုင်ဖက်တီး၊ ဘဲကြီး (ခ) စံရွှေမြင့်နှင့် ကိုသန်းထွေး ခေါင်းဆောင်သော ကျော်စွာလက်သမားအဖွဲ့ စုစုပေါင်း ၃၀ ဦးခန့်က ညနေကတည်းက ဂျိုကာ၏တပည့် မင်းမင်း၊ ကျော်ရဲအောင် (နေပြည်တော်သံချည်သံကွေးအဖွဲ့) တို့က ကြိုတင်၍ အသင့်ဖြတ်ထားသော သံတုတ်များဖြင့် ရိုက်နှက်ရာ ဆိုင်ကယ်နောက်မှ စီးနင်းလိုက်ပါသူ ဦးသန်းဦး၏ ခေါင်းကို ထိမှန်၍ ဆောင်းထားသော ဆိုင်ကယ်စီးဦးထုပ်မှာ ကွဲကြေသွားပြီး ဆိုင်ကယ်ပေါ်မှ လဲကျသွားခဲ့ပါသည်။ ဦးသန်းဦးမှာ ခေါင်းမူးသွားပြီး ထပြေးရာ အဆိုပါလူအုပ်က ဝိုင်းဝန်းရိုက်နှက်ဖမ်းချုပ်၍ ဆွဲလှဲကာ စီမံကိန်းအခြေစိုက်ရုံးပုရဝုဏ်အတွင်းသို့ ဒရွတ်တိုက်ဆွဲခေါ်သွားပြီး ကြိုးနှင့်တုပ်၍ အခြေစိုက်ရုံး ပင်မဆောင်ရှေ့ ဆင်ဝင်အောက်တွင် ဝမ်းလျားထိုးမှောက်ခိုင်းခဲ့ပါသည်။ ဆိုင်ကယ်မောင်းသူ ကိုအောင်လင်းမှာလည်း ရင်ဘတ်ကို သံတုတ်ဖြင့် အရိုက်ခံရ၍ ဆိုင်ကယ်နှင့်အတူ လဲကျသွားပြီး ခြေဦးတည့်ရာထွက်ပြေးရာ ခလုတ်တိုက်ပြီး လဲကျစဉ် လူ ၇ ဦးခန့်က ဝိုင်းဝန်းရိုက်နှက် ဖမ်းချုပ်ကာ ကြိုးနှင့်အတုပ်ခံရ၍ စီမံကိန်းအခြေစိုက်ရုံးသို့ ဆွဲခေါ်သွားခြင်းခံရပြီး ပင်မဆောင်ရှေ့ ဆင်ဝင်အောက်တွင် ဝမ်းလျားထိုးမှောက်ခိုင်းကာ ကျောကုန်းကို သံတုတ်ဖြင့် တစ်ချက်အရိုက်ခံရပါသည်။

ထိုစဉ်က ၎င်းတို့ ၂ ဦးမှာ ခန္ဓာကိုယ်ပေါ်တွင် အင်္ကျီပုဆိုးများ မရှိတော့ပါ။ မှတ်ပုံတင်နှင့် ငွေ ၃၀၀၀၀ ကျပ်လည်း မရှိတော့ပါ။ ဝမ်းလျားမှောက်အနေအထားဖြင့် ၎င်းတို့ ၂ ဦး ခေါင်းထောင်ကြည့်သည့်အခါ လည်ပင်းကို ခြေထောက်ဖြင့် တက်နင်းခြင်းခံရပါသည်။ ထိုသို့အနေအထားဖြင့် တစ်နာရီခန့်ကြာပြီးနောက် ရဲစခန်းသို့ဖုန်းဆက်သံ ကြားရပါသည်။ ဖုန်းဆက်ပြီးနောက် တစ်နာရီခန့်အကြာ ရဲများရောက်မလာမီ ၁၅ မိနစ်အလိုတွင် ဦးသန်းဦးနှင့် ကိုအောင်လင်းတို့ ၂ ဦးကို ပင်မဆောင်အတွင်းသို့ သွင်း၍ တံခါးပိတ်

ချုပ်နှောင်ထားပါသည်။ ရဲများရောက်လာသည့်အခါ စီမံကိန်းအခြေစိုက်ရုံးမှ တာဝန်ရှိသူများနှင့် နာရီဝက်ခန့်အကြာ ဆွေးနွေးပြီး၊ နယ်ထိန်းတင်ဖေ ရောက်လာကာ ဦးသန်းဦးတို့အား ၎င်းတို့ရရှိသည့် ဒဏ်ရာများမှာ ဆိုင်ကယ်မှောက်၍ ကိုယ့်ဘာသာရသည့် ဒဏ်ရာများဖြစ်ကြောင်း ရေးထားသော စာရွက်ပေါ်တွင် လက်မှတ်ထိုးခိုင်းခဲ့ပါသည်။ ဦးသန်းဦးနှင့် ကိုအောင်လင်းတို့က လက်မှတ်ထိုးမပေးနိုင်ကြောင်း ပြောသဖြင့် ပြန်ယူသွားပါသည်။

နောက်တစ်နေ့ (၂၂. ၃. ၂၀၁၁ ရက်နေ့) နံနက် (၃း၀၀) နာရီခန့်တွင် ၎င်းတို့ ၂ ဦးကို ကံမမြို့နယ်ရဲစခန်းသို့ စီမံကိန်းအခြေစိုက်ရုံးပိုင် ကားဖြင့် ခေါ်သွားပြီး အချုပ်ခန်းထဲထည့်၍ ချုပ်နှောင်ထားပါသည်။ နံနက် (၈း၀၀) နာရီကျမှ ၎င်းတို့ ၂ ဦးကို ကံမမြို့နယ်ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ရာ ပို့ဆောင်သူများထဲတွင် ပါဝင်သော ရဲတပ်သား ကျော်တင့်နိုင်က ၎င်းတို့ ၂ ဦးမှာ ဆိုင်ကယ်မှောက်ပြီး ဒဏ်ရာရသည်ဟုပြော၍ ကံမမြို့နယ်ဆေးရုံဆရာဝန် ဒေါက်တာမိုးဟိန်းထံ အပ်နှံခဲ့ပါသည်။ ဦးသန်းဦးမှာ ဦးခေါင်းညာဘက်ထိပ်တွင် ၄ ချက်ချုပ်ရပြီး၊ ဘယ်ဘက်မျက်ခုံးကွဲ၊ လက်မောင်း၊ ဒူးနှစ်ဖက်နှင့် တင်ပါးနှစ်ဖက်တွင် ဒဏ်ရာများရရှိခဲ့ပြီး၊ ကိုအောင်လင်းမှာလည်း ရင်ဘတ်၊ ကျော၊ ညာဘက်လက်ဖျံရိုးနှင့် ဘယ်ဖက်မေးရိုးတို့တွင် ဒဏ်ရာများရရှိခဲ့ပြီး ဆေးကုသမှုခံယူနေစဉ် ၎င်းတို့ ၂ ဦးကို လက်ထိပ်၊ ခြေကျင်းများခတ်လျှက်သား ထားရှိပါသည်။

အခင်းဖြစ်သည့် (၂၁. ၃. ၂၀၁၁) ရက်နေ့ညက ဆိုင်ကယ် ၂ စီးဖြင့်ပြန်လာသော ကိုထွန်းမင်းလွင်၊ ကိုခင်မောင်ဆန်းနှင့် ကိုကျော်ညွှန့်တို့သည် စစ္စရုံရွာအနီး ဦးသန်းဦး၏ တဲနားအရောက် ဦးသန်းဦးတို့ပြန်မလာသေးသဖြင့် နောက်ကြောင်းပြန်လိုက်သွားရာ စက်ရုံစီမံကိန်းအခြေစိုက်ရုံးနှင့် ကိုက် ၃၀၀ ခန့်အရောက် ထိုစီမံကိန်းအခြေစိုက်ရုံးမှ လူအုပ်ကြီးက ဦးသန်းဦးတို့ကို ဝိုင်းဝန်းရိုက်နှက်နေသည်ကို မြင်သဖြင့် ကိုကျော်ညွှန့်က ပယ်ကျရွာသို့ပြန်၍ ကိုအောင်လင်းမိသားစုကို အကြောင်းကြားခဲ့ပြီး၊ ကိုထွန်းမင်းလွင်နှင့် ကိုခင်မောင်ဆန်းတို့က စစ္စရုံရွာဘက်ပြန်လာပြီး ကျေးရွာရယကဉက္ကဌနှင့် မိသားစုများကို အကြောင်းကြားခဲ့ရာ ဦးသန်းဦး၏ဇနီး ဒေါ်မြင့်စိန်နှင့် အစ်မဖြစ်သူ ဒေါ်လှကြည်၊ ဒေါ်အေးသန်း၊ မနွဲ့ကြည်တို့က ထိုစီမံကိန်းအခြေစိုက်ရုံးသို့ လိုက်သွားပြီး ဦးသန်းဦးနှင့် ကိုအောင်လင်းတို့အား ထုတ်ပေးရန်ပြောရာ တွေ့ခွင့်မပေးဘဲ မန်နေဂျာဂျိုကာနှင့် တွေ့ချင်သည်ဟု ပြောရာတွင်လည်း 'ဂျိုကာမရှိဘူး၊ ရန်ကုန်သွားတယ်' ဟု ပြောဆိုခဲ့ပါသည်။

သို့ရာတွင် ဂျိုကာသည် ထိုအချိန်တွင် စကားပြောစက်ဖြင့် ပယ်ကျယ္တရားရုံးမှ ကားအားလုံးပြန်လာရန်နှင့် ဆီအပြည့်ဖြည့်၍ အခြေစိုက်ရုံးပတ်လည် မီးထိုးထားပြီး လာသမျှလူ အကုန် တိုက်သတ်ပစ်ဟု အမိန့်ပေးပြောဆိုနေသည်ကို တွေ့ရပါသည်။ ထို့နောက် ကံမမြို့နယ်မှူး ဦးရဲထွဋ်နှင့် စခန်းမှူး ဦးအုန်းရွှေတို့ ရောက်ရှိလာ၍ ဒေါ်မြင့်စိန်က ၄င်း၏ ခင်ပွန်းအား တွေ့ချင်ကြောင်းပြောရာ ရပါတယ်ဟု ပြောပြီး ဦးသန်းဦးတို့ ဆိုင်ကယ်လဲကျသည့် နေရာကို ဓါတ်ပုံရိုက်ပါသည်။ (လဲကျနေသော ဆိုင်ကယ်အနီးတွင် သံတုတ်ဖြင့် အရိုက်ခံရသဖြင့် ကွဲကြေနေသော ဆိုင်ကယ်စီးဦးထုပ်မှာ သက်သေခံပစ္စည်းအဖြစ် တရားရုံးတော်သို့ တင်ပို့ခြင်းမရှိဘဲ အဖျောက်ဖျက်ခံခဲ့ရပါသည်။) ဓါတ်ပုံရိုက်ပြီးနောက် ဒေါ်မြင့်စိန်က ၄င်း၏တဲတွင် ကလေးကျန်ခဲ့၍ ပြန်ချင်ကြောင်း၊ ဦးသန်းဦးတို့အား တွေ့ချင်ကြောင်း ထပ်မံခွင့်တောင်းရာ ခရိုင်ရဲမှူးဆင်းလာမှပြောပါဆို၍ တွေ့ခွင့်မရပါ။ ရဲမှူးများ ဝင်ထွက်သွားလာနေသော တံခါးပေါက်မှ ဦးသန်းဦးနှင့် ကိုအောင်လင်းတို့ သွေးသံရဲရဲ ဒဏ်ရာများဖြင့် ကြမ်းပြင်ပေါ်တွင်လဲခွေနေသည်ကို မြင်တွေ့ရပါသည်။ ထို့နောက် ဒေါ်မြင့်စိန်က သခွပ်ပင်အောက်တွင် ထိုင်နေသော မြို့နယ်မှူးအား ဦးသန်းဦးတို့ကိုတွေ့ချင်ကြောင်း ထပ်မံခွင့်တောင်းရာ မြို့နယ်မှူး ဦးရဲထွဋ်က 'ညည်းတို့ ရုတ်ရုတ်ရုတ်ရုတ် မလုပ်နဲ့ ပစ်မိန့်ပါတယ်' ဟု ပြောဆိုခဲ့ပါသည်။

ထို့နောက် ခရိုင်ရဲမှူးကား ရောက်လာပြီး စီမံကိန်းအခြေစိုက်ရုံးအတွင်းသို့ ဝင်သွားပါသည်။ ခဏကြာပြီးနောက် ဒေါ်မြင့်စိန်က ၄င်း၏ခင်ပွန်းကို တွေ့ချင်ကြောင်း မြို့နယ်မှူး ဦးရဲထွဋ်အား ခွင့်တောင်းရာ သရက်ပို့လိုက်ပြီဟု ပြောဆိုခဲ့ပါသည်။ တစ်ဖန် ခရိုင်ရဲမှူးအား ဦးသန်းဦးတို့ကို တွေ့ချင်ကြောင်းနှင့် လွှတ်ပေးရန်ပြောရာ ၄င်းက 'တရားဥပဒေဆိုတာ ရှိပါတယ်' ဟု ပြောဆိုခဲ့ပါသည်။ ထိုအချိန်တွင် ဆယ်ဘီးကားတစ်စီး ထွက်သွားသည်ကို မြင်ရပါသည်။ ရဲများက ဦးသန်းဦးနှင့် ကိုအောင်လင်းတို့ကို ထိုဆယ်ဘီးကားဖြင့် တင်သွားပြီဟု ပြော၍ ဒေါ်မြင့်စိန်တို့ ရွာသို့ပြန်လာခဲ့ကြပါသည်။

နောက်တစ်နေ့ နံနက် (၁၀း၃၀) နာရီခန့်တွင် ဒေါ်မြင့်စိန်တို့ ကံမဆေးရုံသို့ လိုက်သွားသည့်အခါ ဦးသန်းဦး၏ ခေါင်းတွင် ပတ်တီးစည်းထားပြီး ဦးခေါင်းဒဏ်ရာမှ သွေးများ ယိုစီးကျနေကာ အဝတ်အစားများတွင် စွန်းပေနေပါသည်။ မျက်နှာတွင်လည်း ညိုမဲဒဏ်ရာများ တွေ့ရပါသည်။ ကိုအောင်လင်းမှာလည်း တစ်ကိုယ်လုံး ဒဏ်ရာအနှံ့နှင့်

ဗိုက်အောင့်သည်ဟု ညည်းညူနေပါသည်။ ၄င်းတို့ ၂ ဦးကို လက်ထိပ်၊ ခြေကျင်း ခတ်လျှက် ထားရှိသည်ကို တွေ့ရပါသည်။



ဒေါ်မြင့်စိန်

(၂၂. ၃. ၂၀၁၁) ရက်နေ့တွင် ကိုထွန်းမင်းလွင်၊ ကိုခင်မောင်ဆန်းနှင့် ကိုကျော် ညွန့်တို့ ၃ ဦးကို ရဲမှ ထပ်မံဖမ်းဆီးပြီး ဆိုင်ကယ်များကိုပါ သိမ်းဆည်းခဲ့ပါသည်။ ကိုထွန်းမင်းလွင်မှာ ကံမမြို့နယ် ရဲစခန်းမှ ခေါ်၍ စစ္စရံကျေးရွာ ရယက ဥက္ကဌ ဦးခင်မောင်ထွန်းနှင့် လိုက်သွားရာ ရဲစခန်းသို့ ရောက်သည့်အခါ အချုပ်ခန်းထဲထည့်၍ အချုပ်ခံရပါသည်။ ပယ်ကျွရွာမှ ကိုကျော်ညွန့်နှင့် ကိုခင်မောင်ဆန်းတို့မှာ ရဲများက စစ်မေးစရာရှိ၍ဟုဆိုပြီး စီမံကိန်းအခြေစိုက်ရုံးသို့ ထိုစီမံကိန်းအခြေစိုက်ရုံးပိုင်ကားဖြင့် ခေါ်ဆောင်သွားပြီး စီမံကိန်း အခြေစိုက်ရုံး ရောက်သည့်အခါ ၄င်းတို့ ၂ ဦးကို လက်ထိပ်ခတ်၍ ဖမ်းဆီးကာ ကံမမြို့နယ် ရဲစခန်းအချုပ်သို့ ခေါ်ဆောင်သွားခြင်းခံခဲ့ရပါသည်။ ၄င်းတို့ ၃ ဦး အချုပ်ခန်းထဲရှိနေစဉ် နေ့လည် (၂) နာရီခန့်တွင် ဦးသန်းဦးနှင့် ကိုအောင်လင်းတို့ကို ဆေးရုံမှ အချုပ်ခန်းထဲ ပြန်ခေါ်လာပါသည်။ ၄င်းတို့ ၅ ဦးကို ညနေ (၃) နာရီတွင် ကံမမြို့နယ်တရားရုံးသို့ ပို့၍ ရမန်ယူပြီး (၂၃. ၃. ၂၀၁၁) ရက်နေ့တွင် သရက်အကျဉ်းထောင်သို့ ပို့ပါသည်။ (ကံမမြို့နယ်ဆေးရုံ ဆရာဝန် ဒေါက်တာမိုးဟိန်း၏ ထွက်ဆိုချက်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၏ အကြောင်းကြားစာအရ သရက်ခရိုင်ဆေးရုံကြီးသို့ လူနာများအား လွှဲပြောင်းပေးပို့ခဲ့ရသည်ဟု ထွက်ဆိုထားသော်လည်း အမှန်မှာ ၄င်းတို့ ၅ ဦးအား သရက်အကျဉ်းထောင်သို့သာ ပို့၍ သရက်ဆေးရုံသို့ ပို့ဆောင်ခဲ့ခြင်းမရှိပါ။)

(၂၄. ၃. ၂၀၁၁) ရက်နေ့တွင် ၄င်းတို့ ၅ ဦးကို ကံမမြို့နယ် ရဲစခန်းအချုပ်သို့ ပြန်ခေါ်ခဲ့ပြီး (၂၅. ၃. ၂၀၁၁) ရက်နေ့တွင် ကံမမြို့နယ်တရားရုံးသို့ ရုံးတင်ခဲ့ပါသည်။ ဗိုလ်မှူး(ငြိမ်း) ဝင်းမြင့်က တရားလိုပြုလုပ်၍ အမှုဖွင့်တိုင်ကြားခြင်းကြောင့် ပြစ်မှုဆိုင်ရာ

ဥပဒေပုဒ်မ (၄၅၂)၊ (၃၃၆)၊ (၂၉၄)၊ (၄၂၇) တို့အပြင် စခန်းမှူး ဦးအုန်းရွှေက တရားလိုပြုလုပ်၍ သွင်းကုန်ထုတ်ကုန် ယာယီအက်ဥပဒေ ၅(၁) တို့ဖြင့် တရားစွဲဆိုခြင်း ခံခဲ့ရပါသည်။

(၂၄. ၃. ၂၀၁၁) ရက်နေ့တွင် ဒေါ်မြင့်စိန်က တရားလိုပြုလုပ်၍ အဆိုပါ စီမံကိန်းအခြေစိုက်ရုံးမှ တာဝန်ရှိသူများဖြစ်သော ဗိုလ်မှူး(ငြိမ်း) ဝင်းမြင့်၊ ဗိုလ်မှူး(ငြိမ်း) ထွန်းမြိုင်၊ ဗိုလ်မှူး(ငြိမ်း) မျိုးဆွေ၊ ဗိုလ်မှူး(ငြိမ်း) မိုးစက်၊ ဗိုလ်မှူး(ငြိမ်း) ခင်မောင်အေး၊ မန်နေဂျာဂျိုကာ၊ ဒုမန်နေဂျာ မြအောင်နှင့် အပေါင်းအပါတို့က ၄င်း၏ခင်ပွန်း ဦးသန်းဦးအား ကြိုတင်အကွက်ချလုပ်ကြံ၍ ဒဏ်ရာဒဏ်ချက်များ ပြင်းထန်စွာ ရရှိခဲ့သဖြင့် ဥပဒေများအရ အရေးယူပေးပါရန် အမှုဖွင့်တိုင်ကြားခဲ့ရာ ကံမမြို့နယ်စခန်းမှူး ဦးအုန်းရွှေက အမှုဖွင့်တိုင်ကြားစာတွင် ဗိုလ်မှူးနာမည်များပါနေသဖြင့် ထိုဗိုလ်မှူးနာမည်များ ဖြုတ်ပေးပြီး ဇာနည်အောင်နှင့် ကျန်တစ်ဦးကို တိုင်ပါလားဟု ပြောဆို၍ အမှုဖွင့်သည်ကို လက်မခံဘဲနေရာ တိုင်ကြားသူ ဒေါ်မြင့်စိန်က ‘ဆရာတို့လက်မခံလည်း တိုင်ကြားချက်မိတ္တူကိုတော့ ဌာနဆိုင်ရာအသီးသီးကို ပို့ရမှာပဲ’ ဟု ပြောဆိုမှသာ အမှုဖွင့်သည်ကို လက်ခံခဲ့ပါသည်။ (ပ)နံပါတ်ကိုလည်း ည (၈) နာရီကျော်မှ ထုတ်ပေးခဲ့ပါသည်။ (ကိုအောင်လင်း၊ ကိုထွန်းမင်းလွင်၊ ကိုကျော်ညွန့်နှင့် ကိုခင်မောင်ဆန်းတို့၏ မိသားစုများမှ အမှုဖွင့်တိုင်ကြားသည်ကို လက်မခံခဲ့ပါ။)

(၂၅. ၃. ၂၀၁၁) ရက်နေ့မှစတင်၍ ဦးသန်းဦးတို့ ၅ ဦးအား ကံမမြို့နယ်တရားရုံးတွင် ရုံးတင်စစ်ဆေးရာ ဒေသခံလယ်သမားများအပေါ် ကြိုတင်အကွက်ချ လုပ်ကြံရိုက်နှက်၍ အောက်ခြေအာဏာပိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ လယ်သမားများကို ထောင်ချရန် ထူးကုမ္ပဏီနှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်တို့၏ မတရားသဖြင့် ကြံစည်လုပ်ဆောင်နေမှုများကို သိရှိ၍ စစ္စရံကျေးရွာအပြင် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ရွာသူရွာသားများက အမှုကြားနာစစ်ဆေးသည်ကို လာရောက်နားထောင်ကြပါသည်။ ထိုနေ့ (၂၅. ၃. ၂၀၁၁) ရက်နေ့တွင်ပင် ပယ်ကျရွာမှ ဆိုင်ကယ်ပိုင်ရှင် ကိုဝင်းနိုင်အား ရဲမှ ထပ်မံဖမ်းဆီး၍ သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး ယာယီအက်ဥပဒေ ၅(၁) ဖြင့် တရားရုံးသို့ စွဲဆိုတင်ပို့ခဲ့ပါသည်။

အမှုတွင် တရားခံများဖြစ်နေရသော လယ်သမားကြီး ဦးသန်းဦးပါ ၆ ဦးတို့ကို ရုံးထုတ်ရာ၌ စက်ရုံစီမံကိန်းရုံးမှကားဖြင့် တင်ခေါ် ရုံးထုတ်ခြင်း၊ စက်ရုံစီမံကိန်းရုံးမှ လူများနှင့် ရဲသတင်းတပ်ဖွဲ့၊ လုံခြုံရေးယူသူများက တရားရုံးထိုင်နေရာ၏ ကပ်လျှက်အခန်းတွင် နေရာ

ယူပြီး လာရောက်နားထောင်သူ ရွာသူရွာသားများကို ဓါတ်ပုံရိုက်ခြင်း၊ အမည်စာရင်း၊ အရေအတွက် ကောက်ယူခြင်းများ ပြုလုပ်ခဲ့သည့်အပြင်၊ တရားခွင်ပြီးဆုံးသွားသောအခါတွင်လည်း တရားသူကြီးထံမှ ထွက်ချက်များကို အမှုတွဲမှ ကူးယူခြင်းများပြုလုပ်ခဲ့သဖြင့် လွတ်လပ်စွာ တရားစီရင်ပိုင်ခွင့်ကို ထိခိုက်စေခဲ့ပါသည်။

လယ်ယာမြေများပေါ် အဓမ္မကျူးကျော်ခံရ၍ ဆုံးရှုံးနစ်နာခဲ့ရသော စစ္စရုံဒေသခံလယ်သမားများဖြစ်သော ဦးသန်းဦး၊ ဦးအေးချို၊ ဦးငွေးနှင့် ဒေါ်တုတ်တုတ်တို့ ၄ ဦးက အဓမ္မကျူးကျော်သူများကို တရားစွဲဆိုရန် ဦးတိုက်လျှောက်ထားခဲ့စဉ်က အမှုကို ပလပ်လိုက်သော်လည်း ယခုလယ်သမားများကို ကျူးကျော်သူများက လုပ်ကြံရိုက်နှက်၍ တရားစွဲဆိုခဲ့သည်ကို လက်ခံကြားနာစစ်ဆေးသည့်အခါတွင်မှ ထူးကုမ္ပဏီနှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်တို့၏ စီမံကိန်းအခြေစိုက်ရုံးမှ တာဝန်ရှိသူများမှာ လန-၃၉ လျှောက်ထားခြင်းမရှိဘဲ ဒေသခံလယ်သမားများ၏ လယ်ယာမြေများကို ကျူးကျော်ခဲ့ကြောင်း ထင်ရှားပေါ်ပေါက်ခဲ့သည့်အပြင် စစ္စရုံဒေသခံလယ်သမားများ သဘောမတူ၍ စစ္စရုံကျေးရွာတွင် စက်ရုံစီမံကိန်းကို ဆက်လက်မလုပ်ဆောင်တော့ကြောင်း တရားရုံးတွင် ဝန်ခံထွက်ဆိုခဲ့ကြပါသည်။

ထို့ပြင် ထိုအမှုကို (၂၅. ၃. ၂၀၁၁) ရက်နေ့မှ (၃၁. ၃. ၂၀၁၁) ရက်နေ့အထိ ကံမမြို့နယ်တရားရုံးတွင် ရုံးတင်စစ်ဆေးသည့်အခါ တရားလိုပြသက်သေအားလုံး ၁၁ ဦးကို နေ့စဉ်စစ်ဆေးသွားခဲ့ရာ စစ္စရုံနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ရွာသူရွာသားများက အေးချမ်းစွာ လာရောက်နားထောင်ကြသဖြင့် မည်သည့်ပြဿနာမှ ပေါ်ပေါက်ခဲ့ခြင်းမရှိပါ။ လာရောက်နားထောင်သူ ရွာသူရွာသားများအနေဖြင့် တရားရုံးတော်၏ လွတ်လပ်စွာ တရားစီရင်ပိုင်ခွင့်၊ တရားရုံးတော်၏ ဂုဏ်သိက္ခာနှင့် ဥပဒေများကို ချိုးဖောက်နှောင့်ယှက်ခြင်းမရှိဘဲ လူ့အခွင့်အရေးကြေငြာစာတမ်းပါ လွတ်လပ်၍ ဘက်မလိုက်သော တရားရုံးတော်၏ အများပြည်သူ ရှေ့မှောက်တွင်ကြားနာစစ်ဆေးခြင်းကို ခံယူပိုင်ခွင့်အရ လာရောက်နားထောင်ခြင်းသာ ဖြစ်ပါသည်။

သို့ရာတွင် တရားလို ဗိုလ်မှူး(ငြိမ်း) ဝင်းမြင့်နှင့် သရက်ခရိုင်ဥပဒေအရာရှိတို့ ပူးပေါင်းကြံစည်၍ စစ္စရုံရွာနှင့် ကံမမြို့သည် ၁၅ မိုင်ခန့်သာဝေးသောကြောင့် စစ္စရုံရွာသူရွာသားများ လူစုလူဝေးဖြင့် တရားရုံးသို့ လာရောက်ကြသဖြင့် လုံခြုံရေးအတွက် အခက်အခဲရှိသည်ဟူသော အကြောင်းပြကာ ထိုအမှုကို သရက်ခရိုင်တရားရုံးသို့ ပြောင်းရွှေ့စစ်ဆေးရန်

# လယ်သမားအခွင့်အရေးကာကွယ်စောင့်ရှောက်သူများကွန်ယက်မှ လယ်သမားအခွင့်အရေးဆိုင်ရာ ဟောပြောချက်များကို စိတ်ဝင်တစား နားထောင်နေကြစဉ်





လယ်သမားအခွင့်အရေးကာကွယ်စောင့်ရှောက်သူများကွန်ယက်

## လယ်သမားများအပေါ် မတရားလုပ်ကြံဖန်တီးပြီး တရားစွဲဆိုနေသည်ကို သိသဖြင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ရွာသူရွာသားများ အမှုကြားနာစစ်ဆေးမှုကို လိုက်ပါနားထောင်ကြပုံ

















လယ်သမားအခွင့်အရေးကာကွယ်စောင့်ရှောက်သူများကွန်ယက်










လယ်သမားအခွင့်အရေးကာကွယ်စောင့်ရှောက်သူများကွန်ယက်








လယ်သမားအခွင့်အရေးကာကွယ်စောင့်ရှောက်သူများကွန်ယက်

လျှောက်ထားခဲ့ရာ၊ သရက်ခရိုင်တရားရုံးမှ ထိုအမှုကို အထက်မင်းလှမြို့နယ် တရားရုံးသို့ ပြောင်းရွှေ့စစ်ဆေးရန် အမိန့်ချခဲ့ပါသည်။ ဦးသန်းဦး၏ဇနီး ဒေါ်မြင့်စိန်မှ ၄င်းမှာ အထက်မင်းလှမြို့နယ်သို့ သွားရောက်၍ ရုံးချိန်းတက်ရန် အခက်အခဲများရှိပါသောကြောင့် အမှုကို ကံမမြို့နယ်တရားရုံးတွင်သာ ဆက်လက်စစ်ဆေးပါရန် သရက်ခရိုင်တရားရုံးသို့ ဦးတိုက်လျှောက်ထားခဲ့သော်လည်း ပယ်ချခံခဲ့ရပါသည်။

(၁. ၄. ၂၀၁၁) ရက်နေ့တွင် ကံမမြို့နယ်တရားရုံးတွင် ရုံချိန်းရှိ၍ ရွာသူရွာသားများက အမှုကြားနာစစ်ဆေးသည်ကို နားထောင်ရန် လာရောက်သည့်အခါ ကံမမြို့ပြင်ဘက်မှ အင်အားပြချီတက်၍ ပြန်လာသော ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်များ၊ စွမ်းအားရှင်များကို တွေ့ရသည့်အခါတွင်မှ ထိုနေ့မနက်တွင် ဦးသန်းဦးပါ လယ်သမား ၆ ဦးအား စခန်းမှူးဦးအုန်းရွှေ၏ ကားဖြင့် မြို့ပြင်သို့ ခေါ်ထုတ်သွားပြီး မြို့ပြင်တွင် အသင့်စောင့်ဆိုင်းနေသော စီမံကိန်းအခြေစိုက်ရုံးပိုင် ဆယ်ဘီးကားသို့ ပြောင်းရွှေ့ကာ အထက်မင်းလှအချုပ်သို့ ပို့ဆောင်လိုက်ပြီဖြစ်ကြောင်း သိရပါသည်။ ထိုသို့ ရွာသူရွာသားများ တရားခံနှင့် တွေ့ဆုံခွင့်၊ အမှုကြားနာစစ်ဆေးသည်ကို လာရောက်နားထောင်ခွင့် မရနိုင်အောင် သွားရေးလာရေး ခက်ခဲစေရန် တမင်ဖန်တီး၍ ဥပဒေဆိုင်ရာ အခွင့်အရေးများ ချိုးဖောက်ခဲ့ကြပါသည်။

(၅. ၄. ၂၀၁၁)ရက်နေ့တွင် စစ္စရုံရွာသူရွာသား ၁၃၃ ဦးက လက်မှတ်ရေးထိုး၍ သမ္မတ ဦးသိန်းစိန်နှင့်တကွ ဌာနအသီးသီးသို့ လိပ်မူကာ မကွေးတိုင်း၊ သရက်ခရိုင်၊ ကံမမြို့နယ်၊ စစ္စရုံကျေးရွာတွင် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ စီမံကိန်းအခြေစိုက်ရုံးမှ တာဝန်ရှိသူများက ဒေသခံလယ်သမားများကို လူအုပ်စုဖြင့် အကွက်ချလုပ်ကြံရိုက်နှက်၍ အောက်ခြေအာဏာပိုင်များနှင့် ပူးပေါင်းကာ အရိုက်ခံရသူများကို ထောင်ကျအောင် စီစဉ်နေမှုအတွက် ဖြေရှင်းပေးပါရန် တိုင်ကြားစာများ ပေးပို့ခဲ့ပါသည်။

(၂၇. ၄. ၂၀၁၁) ရက်နေ့တွင် ဦးသန်းဦးတို့ ၆ ဦးအား အထက်မင်းလှတရားရုံးတွင် ရုံးတင်စစ်ဆေးပါသည်။ အလားတူ ဦးသန်းဦး၏ဇနီး ဒေါ်မြင့်စိန်က တရားလိုပြုလုပ်၍ တိုင်ကြားထားသော အမှုကိုလည်း စစ်ဆေးပါသည်။ စစ္စရုံနှင့် အထက်မင်းလှမြို့သည် သရက်ခရိုင်၏ နှစ်ဖက်စွန်းတွင် တည်ရှိပြီး သွားလာရေးခက်ခဲသော်လည်း စစ္စရုံ ပယ်ကျနှင့် ထောက်မကျေးရွာများမှ ဒေသခံရွာသူရွာသား ၁၀၀ ကျော်က စက်လှေ၊ ရထားတို့ဖြင့်

အထက်မင်းလှတရားရုံးသို့ သွားရောက်၍ အမှုကြားနာစစ်ဆေးသည်ကို နားထောင်ခဲ့ပါသည်။ စက်လှေဖြင့် ခရီးစဉ်တစ်လျှောက် ဒေသဆိုင်ရာ အာဏာပိုင်များ၏ စုံစမ်းမေးမြန်းခြင်းများ ကြုံတွေ့ခဲ့ရသလို ဧရာဝတီမြစ်ရိုးတစ်လျှောက်ရှိ ကျေးရွာများမှ ရွာသူရွာသားများ၏ အားပေးကြိုဆိုမှုများကိုလည်း ကြုံတွေ့ခဲ့ရပါသည်။

အထက်မင်းလှမြို့နယ် တရားရုံးတွင် (၂၇. ၄. ၂၀၁၁) ရက်နေ့တွင် တစ်ကြိမ်၊ (၄. ၅. ၂၀၁၁) ရက်နေ့တွင် တစ်ကြိမ်၊ (၁၁. ၅. ၂၀၁၁) ရက်နေ့တွင် တစ်ကြိမ်၊ (၁၈. ၅. ၂၀၁၁) ရက်နေ့တွင် တစ်ကြိမ် ရုံးချိန်းခေါ်ဆိုခဲ့ပြီး (၁၉. ၅. ၂၀၁၁) ရက်နေ့တွင် အပြီးသတ်စီရင်ချက်ချခဲ့ပါသည်။ မင်းလှမြို့နယ် တရားရုံးတွင်လည်း ကံမမြို့နယ် တရားရုံးမှာကဲ့သို့ လာရောက်နားထောင်သူ လယ်သမားများကို ဓါတ်ပုံရိုက်ခြင်း၊ အမည်စာရင်းကောက်ယူခြင်းတို့အပြင် လယ်သမားများကို အကွက်ချလုပ်ကြံရိုက်နှက်မှုအား ကိုယ်တိုင်သိရှိမြင်တွေ့သည့် သက်သေအဖြစ် တရားရုံးတွင် ထွက်ဆိုမည့် ကိုအုန်းလွင် (ခ) ဘလီကိုတည်းခိုရန် ငှားထားသော အဆောင်တွင် တစ်ယောက်တည်းကျန်ရှိနေစဉ် စယဖ၏ ညွှန်ကြားချက်ကြောင့်ဟုဆိုကာ လဝကဒုဦးစီးမှူး ကျော်လွင်ဦးနှင့်အဖွဲ့က လဝကရုံးသို့ ခေါ်ဆောင်သွားပြီး သက်သေမလိုက်ဝံ့စေရန် သွယ်ဝိုက်ခြိမ်းခြောက်ခဲ့သည့် ဖြစ်ရပ်များကိုလည်း ရင်ဆိုင်ဖြေရှင်းခဲ့ရပါသည်။ နောင်တစ်ပတ်ရုံးချိန်းရက်တွင် ကိုအုန်းလွင် သက်သေထွက်ဆိုမည့် အချိန်ဆဲဆဲအထိ ထိုသို့ လာရောက်ခြိမ်းခြောက်မှုများ ကျူးလွန်ခဲ့ပါသည်။

တရားရုံးအတွင်း ဓါတ်ပုံရိုက်ခဲ့သည့်သူအား ဥပဒေအရ အရေးယူပေးရန် ကံမမြို့နယ် တရားရုံးတွင် တစ်ကြိမ်၊ မင်းလှမြို့နယ် တရားရုံးတွင် တစ်ကြိမ် လုံခြုံရေးတာဝန်ယူသူ ရဲတပ်ဖွဲ့ဝင်များအား အကြောင်းကြားခဲ့သော်လည်း အရေးယူပေးခြင်းမရှိသည့်အပြင် နောက်တစ်ကြိမ် မင်းလှမြို့နယ်ရုံးချိန်းတွင် လယ်သမားများအား တရားရုံးမှ ရဲစခန်းအချုပ်သို့ ပြန်လည်ပို့ဆောင်သည့် ကားရှေ့ခန်းတွင် လူတစ်ဦးက နေရာယူပြီး စပိုင်ကင်မရာဖြင့် ဗီဒီယိုရိုက် မှတ်တမ်းတင်ခြင်းအားဖြင့် တရားရုံးတော်ကို မထီမဲ့မြင်ပြုကာ တရားဥပဒေချိုးဖောက်သည့်ဖြစ်ရပ် ထပ်မံကြုံတွေ့ခဲ့ရပါသည်။ မင်းလှမြို့နယ်တရားရုံးတွင် တရားလိုတရားခံ အပြန်အလှန်စွဲဆိုထားသော အမှုနှစ်ခုတွင် မြို့နယ်ဥပဒေအရာရှိ ဦးမြင့်စိုးတစ်ဦးတည်းက ဥပဒေအရာရှိအဖြစ် ဆောင်ရွက်ရာတွင်လည်း အမှုမှန်ပေါ်ပေါက်အောင် ဆောင်ရွက်ခြင်းမရှိဘဲ ဘက်လိုက်မှုရှိခဲ့ပါသည်။ တရားလို တရားခံ အပြန်အလှန် နှစ်မှုစလုံးတွင် ဥပဒေအရာရှိတစ်ဦးတည်းက ရဲစစ်ချက်၊ သက်သေထွက်ချက်များကို ကိုင်ထား၍

လယ်သမားများဘက်မှ စွဲဆိုထားသော အမှုကို ပျက်ပြယ်စေရန် ဆောင်ရွက်ခြင်း၊ လယ်သမားများ၏ ရှေ့နေအား အမှုအပြီးသတ်လျှောက်လဲရန် ပြင်ဆင်ချိန် ၁၅ မိနစ်သာ ပေးခြင်းနှင့် မြန်မာ့ စီးပွားရေးဦးပိုင်လီမိတက် စီမံကိန်းအခြေစိုက်ရုံးဘက်မှ မျက်နှာသာပေး ဘက်လိုက် ဆောင်ရွက်ခြင်းများ ရှိခဲ့သဖြင့် အခြေခံလူ့အခွင့်အရေးတစ်ခုဖြစ်သည့် ဥပဒေ၏ အကာအကွယ်ကို တူညီစွာ ခံစားပိုင်ခွင့်ကို ချိုးဖောက်ခဲ့ပါသည်။

မင်းလှမြို့နယ်တရားသူကြီး ဒေါ်ခင်နှင်းထွန်းကိုယ်တိုင်လည်း လွတ်လပ်စွာ တရားစီရင်ပိုင်ခွင့်မရှိဘဲ အထက်မှ ဖိအားပေးညွှန်ကြားမှုအရသာ စီရင်ဆုံးဖြတ်ခဲ့ရကြောင်း ထင်ရှားပေါ်လွင်နေပါသည်။ တရားရုံးသို့ ရဲမှတင်ပို့သော သက်သေခံပစ္စည်းများ (အုတ်ခဲကျိုးနှင့် မှန်ကွဲစများ) မှာလည်း လုပ်ကြံဖန်တီးမှုသာဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေပါသည်။ မှန်ကွဲစများမှာ အခင်းဖြစ်ပွားပြီးနောက်တစ်နေ့ (၂၂. ၃. ၂၀၁၁) ရက်နေ့ ညနေပိုင်းတွင်မှ ဗိုလ်မှူး(ငြိမ်း) ဝင်းမြင့်က ၄င်းအား အထက်လူကြီးများက ၂ ကြိမ် ဖုန်းဆက်၍ ဆဲဆိုကြိမ်းမောင်းသဖြင့် ဒေါသထွက်ကာ ၄င်းကိုယ်တိုင် မှန်ပြတင်းတံခါးကို ရိုက်ခွဲခဲ့ခြင်း ဖြစ်ပါသည်။

လိုင်စင်မဲ့ဆိုင်ကယ်များကို သိမ်းဆည်းရာတွင်လည်း အခင်းဖြစ်ပွားရာ စက်ရုံစီမံကိန်းအခြေစိုက်ရုံးမှ လိုင်စင်မဲ့ဆိုင်ကယ် ၁၄-၁၅ စီးကို ချန်လှပ်၍ ဒေသခံလယ်သမား၏ ဆိုင်ကယ်များကိုသာ ရွေး၍ သိမ်းဆည်းခြင်းမှာလည်း ကျိုးကြောင်းဆီလျော်မှု ကင်းမဲ့နေပါသည်။ လယ်သမားများဘက်မှ ဦးသန်းဦး၏ဇနီး ဒေါ်မြင့်စိန်က တရားလိုပြုလုပ်တိုင်ကြားသော အမှုတွင်လည်း သက်သေခံပစ္စည်းများ (ကြေမွနေသော ဆိုင်ကယ်စီးဦးထုပ်၊ သွေးစွန်းပေနေသော အဝတ်အစားများ) ကို ရဲမှ တရားရုံးသို့ တင်ပို့ပေးခဲ့ခြင်းမရှိဘဲ ထိမ်ချန်ထားခဲ့ပါသည်။

ကံမမြို့နယ်ဆရာဝန် ဒေါက်တာမိုးဟိန်း၏ သက်သေထွက်ဆိုချက်များနှင့် ဆေးစာများမှာလည်း ဖိအားတစ်စုံတစ်ရာအောက်မှ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သံသယဝင်ဖွယ်ရှိပါသည်။ (၂၂. ၃. ၂၀၁၁) ရက်နေ့တွင် ဦးသန်းဦးနှင့် ကိုအောင်လင်းတို့နှစ်ဦး ကံမမြို့နယ်ဆေးရုံတွင် ဆေးကုသမှုခံယူနေစဉ် မိသားစုဝင်များက ဒေါက်တာမိုးဟိန်းအား သွားရောက်တွေ့ဆုံခဲ့ရာ ဒေါက်တာမိုးဟိန်းကိုယ်တိုင်က ဦးသန်းဦးနှင့် ကိုအောင်လင်းတို့ ရရှိသော ဒဏ်ရာများမှာ အလွန်ပြင်းထန်ကြောင်း၊ သံတုတ်ဖြင့် အရိုက်ခံရခြင်းဖြစ်ကြောင်း ဤလူနာများကို မြို့နယ်မှူးကိုယ်တိုင် လာရောက်အပ်နှံသင့်ကြောင်း ပြောကြားခဲ့သော်လည်း တရား

ရုံးတွင် သက်သေထွက်ဆိုရာ၌ အဖြစ်မှန်ကို ထိမ်ချန်လျှော့ပေါ့၍ ထွက်ဆိုသွားခဲ့သည်။

လူစုလူဝေးဖြင့် ရိုက်နှက်ခံရ၍ ဒဏ်ရာများရရှိခဲ့သော ဦးသန်းဦးနှင့် ကိုအောင်လင်းတို့ကို (၂၂. ၃. ၂၀၁၁) ရက်နေ့တွင် ဆေးရုံသို့တင်ပို့ရာ ဆေးစာထုတ်ပေးသည့် ရက်စွဲမှာ ထိုနေ့ (၂၂. ၃. ၂၀၁၁) ရက်စွဲဖြင့် ဖြစ်သော်လည်း ဦးသန်းဦးတို့က ခဲနှင့်ပစ်ပါက်၍ ရင်ဘတ်တွင် ဒဏ်ရာရပြီး ဦးသန်းဦးတို့နှင့်အတူ ဆေးရုံသို့ သွားရောက်ပြသရသည်ဟု ဆိုသော စီမံကိန်းအခြေစိုက်ရုံးမှ ယာဉ်မောင်း ဇာနည်အောင်၏ ဆေးစာရက်စွဲမှာ (၃၁. ၃. ၂၀၁၁) ရက်နေ့ ဖြစ်နေခြင်းမှာလည်း လုပ်ကြံဖန်တီးထားမှုဖြစ်ကြောင်း ပေါ်လွင်နေပါသည်။

(၁၉. ၅. ၂၀၁၁) ရက်နေ့တွင် မင်းလှမြို့နယ်တရားရုံးမှ စစ္စရံဒေသခံလယ်သမားများကို နှစ်ရှည်ထောင်ဒဏ်များ ချမှတ်ခဲ့ပါသည်။ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားပေါ်ပေါက်ခြင်းမရှိဘဲ ထိုသို့နှစ်ရှည်ထောင်ဒဏ်များ ချမှတ်ခဲ့ရာ ဦးသန်းဦးနှင့် ကိုအောင်လင်းတို့အား အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ် ၇ လစီ (၂၉၄-၁လ၊ ၃၃၆-၁နှစ်၊ ၄၂၇-၆လ၊ ၄၅၂-၇နှစ်၊ ၅(၁)-၂နှစ်)၊ ကိုထွန်းမင်လွင်အား ၁၂ နှစ် ၆ လ (၃၃၆-၁နှစ်၊ ၄၂၇-၆လ၊ ၄၅၂-၇နှစ်၊ ၅(၁)နှစ်မှ-၄နှစ်)၊ ကိုကျော်ညွန့်အား ၁၀ နှစ် ၆ လ (၃၃၆-၁နှစ်၊ ၄၂၇-၆လ၊ ၄၅၂-၇နှစ်၊ ၅(၁)-၂နှစ်)၊ ကိုခင်မာင်ဆန်းအား ၈ နှစ် ၆ လ (၃၃၆-၁နှစ်၊ ၄၂၇-၆လ၊ ၄၅၂-၇နှစ်) အသီးသီး နှစ်ရှည်ထောင်ဒဏ်များ ချမှတ်ခဲ့ပြီး သရက်အကျဉ်းထောင်သို့ ပို့ခဲ့ပါသည်။ (ဦးသန်းဦး၏ဇနီး ဒေါ်မြင့်စိန်မှ တရားလိုပြုလုပ် တိုင်တန်းသော အမှုကို မှားယွင်းမှုဟု သတ်မှတ်ပြီး ရဲမှ တရားရုံးသို့ စွဲဆိုတင်ပို့သော တရားခံများ (ဇာနည်အောင်နှင့် အောင်ကျော်သူ) တို့အား အမှုမှ အပြီးအပြတ် လွှတ်ခဲ့ပါသည်။)

ထိုနေ့ မင်းလှမြို့နယ်တရားရုံးက ပြစ်မှုကျူးလွန်ခြင်းမရှိသော လယ်သမားများကို နှစ်ရှည်ထောင်ဒဏ်များချမှတ်ခဲ့ရာ တရားလက်လွတ် စီရင်ချက်ချမှတ်ခဲ့ခြင်းဖြစ်သော်လည်း အမှုကြားနာစစ်ဆေးသည်ကို လာရောက်နားထောင်ကြသော ဒေသခံလယ်သမားများမှာ ဆူပူမှုမရှိဘဲ အေးချမ်းစွာဖြင့် မော်တော်ဆိပ်သို့ ပြန်လာရာလမ်းတစ်လျှောက်တွင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း စာအုပ်များ ဝေ၍ ဥပဒေ၏အကာအကွယ်ကို ခြားနားခြင်းမခံရဘဲ လူတိုင်း အညီအမျှ ခံစားပိုင်ခွင့်ကို မင်းလှမြို့နယ်တရားရုံးက ချိုးဖောက်ခဲ့ကြောင်း ဖော်ထုတ်ပြသခဲ့ပါသည်။

# ပြန်လည်လွတ်မြောက်လာသော လယ်သမားများအား ဒေသခံပြည်သူလူထုက သောင်းသောင်းဖျဖျ ကြိုဆိုခဲ့















လယ်သမားအခွင့်အရေးကာကွယ်စောင့်ရှောက်သူများကွန်ယက်







လယ်သမားအခွင့်အရေးကာကွယ်စောင့်ရှောက်သူများကွန်ယက်

ဆက်လက်၍ လယ်သမားများဘက်မှ မင်းလှမြို့နယ်တရားရုံးက (၁၉. ၅. ၂၀၁၁) ရက်နေ့တွင် ချမှတ်ခဲ့သော စီရင်ချက်အမိန့်ကို မကျေနပ်၍ အယူခံဝင်ခဲ့ပါသည်။ အယူခံတင်ရက် နောက်ဆုံးရက်ဖြစ်သော (၂၀. ၇. ၂၀၁၁) ရက်နေ့တွင် ကိုကျော်ညွန့်၏ ၅(၁) တစ်မှုကို ချန်လှပ်၍ မင်းဘူးခရိုင်တရားရုံးသို့ အယူခံတင်ခဲ့ရာ မင်းဘူးခရိုင်တရားရုံးမှ ထိုအမှုကိုပါ တင်ပေးရန်ပြော၍ အယူခံတင်ရက်ကိုလည်း ထပ်တိုးပေးခဲ့ပါသည်။ (၃၀. ၇. ၂၀၁၁) ရက်နေ့တွင် နှစ်ရှည်ထောင်ဒဏ်များ ချမှတ်ခံရသော လယ်သမားများကို မင်ဘူးခရိုင်တရားရုံးမှ ပြစ်ဒဏ်များလျှော့ပေါ့သည့် ပြင်ဆင်အမိန့်ချခဲ့ပါသည်။ (၂၉၄-၁ လကို ၁လ၊ ၄၅၂- ၇နှစ်ကို ၃လ၊ ၃၃၆-၁နှစ်ကို ၂လ၊ ၄၂၇-၆လကို ၁လ၊ ၅(၁)-၂နှစ်ကို ၁လ အသီးသီး ပြစ်ဒဏ်များ လျှော့ပေါ့ခဲ့သည့်အပြင် ပြစ်ဒဏ်များကို တစ်ပေါင်းတည်း ကျခံစေရန် ပြင်ဆင်အမိန့် ချမှတ်ခဲ့ပါသည်။

ဤသို့ဖြင့် ထူးကုမ္ပဏီက ဆောက်လုပ်ရေးတာဝန်ယူပြီး မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် တရုတ်ကုမ္ပဏီတို့၏ ဖက်စပ်အကျိုးစီးပွားအတွက် တည်ဆောက်မည့် ကျော့စတစ်ဆိုဒါနှင့် ပီဗွီစီစက်ရုံ စီမံကိန်းများအတွက် ဒေသခံလယ်သမားများ၏ လယ်ယာမြေများကို အဓမ္မကျူးကျော် သိမ်းပိုက်ခဲ့ခြင်းကို ခေါင်းငုံ့မခံဘဲ ဥပဒေအရ ပြန်လည်တရားစွဲဆိုခဲ့ပြီး လယ်ယာမြေ အသိမ်းမခံရရေးအတွက် တက်ကြွစွာ ဆောင်ရွက်ခဲ့ကြသဖြင့် စီမံကိန်းအခြေစိုက်ရုံးမှ တာဝန်ရှိသူများက ကြိုတင်အကွက်ချ လုပ်ကြံရိုက်နှက်၍ အောက်ခြေအာဏာပိုင်များနှင့် ပူးပေါင်းကာ နှစ်ရှည်ထောင်ဒဏ်များ ကျစေရန် ကြံစည်လုပ်ဆောင်ခြင်းခံရသော ဒေသခံလယ်သမား ဦးသန်းဦး(စစ္စရုံ)၊ ထွန်းမင်းလွင်(စစ္စရုံ)၊ ကိုအောင်လင်း(ပယ်ကျ)၊ ကိုကျော်ညွန့်(ပယ်ကျ)၊ ကိုခင်မောင်ဆန်း(ပယ်ကျ)တို့ ၅ ဦးမှာ ဒေသခံလယ်သမားများ၏ ညီညွတ်မှုအင်အား၊ နိုင်ငံတကာဖိအားတို့ကြောင့် တရားမျှတမှု၏ တစ်စိတ်တစ်ပိုင်းကို ပြန်လည်ရရှိခဲ့ပြီး (၃၁. ၇. ၂၀၁၁) ရက်နေ့တွင် သရက်အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာခဲ့ကြပါသည်။

အကျဉ်းထောင်မှ လွတ်မြောက်လာသော လယ်သမားများ နေရပ်သို့ ပြန်လာရာ လမ်းတစ်လျှောက်တွင် ဒေသခံပြည်သူလူထုက သောင်းသောင်းဖျဖျ ကြိုဆိုခဲ့ကြရာ ထိုနေ့တစ်နေ့လုံး ဧရာဝတီမြစ်ရိုးတစ်လျှောက် ကမ္ဘာမကြေသီချင်းသံများ ခြိမ့်ခြိမ့်ညံနေခဲ့ပါသည်။

♦ ♦ ♦

*“ မင်းလှမြို့နယ်တရားရုံးက ပြစ်မှုကျူးလွန်ခြင်းမရှိသော လယ်သမားများကို နှစ်ရှည်ထောင်ဒဏ်များချမှတ်ခဲ့ရာ တရားလက်လွတ် စီရင်ချက်ချမှတ်ခဲ့ခြင်းဖြစ်သော်လည်း အမှုကြားနာစစ်ဆေးသည်ကို လာရောက်နားထောင်ကြသော ဒေသခံလယ်သမားများမှာ ဆူပူမှုမရှိဘဲ အေးချမ်းစွာဖြင့် မော်တော်ဆိပ်သို့ ပြန်လာရာလမ်းတစ်လျှောက်တွင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း စာအုပ်များ ဝေငှ၍ ဥပဒေ၏အကာအကွယ်ကို ခြားနားခြင်းမခံရဘဲ လူတိုင်း အညီအမျှ ခံစားပိုင်ခွင့်ကို မင်းလှမြို့နယ်တရားရုံးက ချိုးဖောက်ခဲ့ကြောင်း ဖော်ထုတ်ပြသခဲ့ပါသည်။ ”*